ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်၊ နံပတ် (၉၃)

နေ့စွဲ – ၅. ၂. ၂၀၁၂

## အသင်းတော်နှင့်အစ္စရေးအကြောင်း(Church and Israel)

ကျမ်းစာထဲတွင် အစ္စရေးနှင့်အသင်းတော်ကို အတူတူဖြစ်သည်ဟုဖေါ်ပြသော နာမည်အများအပြား၊ ဖေါ်ပြချက်အများအပြားကို ကျွန်တော်တို့ ပြသခဲ့ကြပြီးဖြစ်သည်။ အသင်းတော်သည် ဇိအုန်တောင်ဖြစ်သည်၊ အသင်းတော်သည် ကောင်းကင်နှင့်ဆိုင်သော၊ သန့်ရှင်းသော ယေရှုရှလင်မြို့ဖြစ်သည် (ဟေဗြဲ ၁၂း၂၂–၂၄၊ ဗျာ ၂၁း၉–၁၀)၊ အသင်းတော်သည် သန့်ရှင်းသောနိုင်ငံဖြစ်သည် (၁ပေ ၂း၉)၊ စပျစ်နွယ်ပင်ဖြစ်သည် (ယော ၁၅း၁–၆၊ ဆာလံ ၈၀း၈)၊ အသင်းတော်သည် ဘုရားသခင်၏သတို့သမီးဖြစ်သည် (ဧဖက် ၅း၃၁–၃၂၊ ဗျာ ၂၁း၉–၁၀)။ အသင်းတော်သည် ဓမ္မဟောင်းကာလက အစ္စရေးဖြစ်ခဲ့သမျှ ပိုင်ဆိုင်သည်။

အသင်းတော်နှင့်အစ္စရေးတို့၏ တထပ်တည်းဖြစ်ခြင်းကို ပို၍မှန်စေသောစကားစုမှာ ကျမ်းစာက အစ္စရေးကို"သဲကန္တာရထဲရှိအသင်းတော်"ဟု ခေါ်နေခြင်းကဖြစ်သည် (တမန် ၇း၃၈၊ ဆရာယူဒသန်ကျမ်းတွင် မထင်ရှားပါ)။

ထိုကဲ့သို့ပင် နိုင်ငံများထဲမှ ဘုရားသခင်ရွေးကောက်ထားသူများကို စစ်မှန်သောအစ္စရေး၊ ဂျူးအစစ်ဟုခေါ်ပါသည် (ရောမ ၂း၂၈–၂၉၊ ၉း၈၊ ဂလာတိ ၃း၂၉၊ ဖိ ၃း၃)။ ထို့အပြင် ပရောဖက်ကျမ်းများ၌ အစ္စရေးနိုင်ငံကို ရည်ညွှန်းသကဲ့သို့ ပရောဖက်ပြုရေးသားထားသည်များကို ဓမ္မသစ်ကျမ်းတွင် အသင်းတော်ဖြစ်သည်ဟု ပြောထားသည်ကိုတွေ့ရပါသည် (ဟောရှေ ၁း၁၀ သည် ရောမ ၉း၂၄–၂၆ တွင်ပြည့်စုံကြောင်းနှိုင်းယှဉ်ဖတ်ကြည့်ပါ၊ အာမုတ် ၉း၁၁–၁၅ နှင့် ၎င်း၏ပြည့်စုံခြင်း တမန် ၁၅း၁၃–၁၇)။

ထိုအချက်သည် အသင်းတော်အကြောင်းလေ့လာရာတွင် အရေးကြီးဆုံးဖြစ်ပါသည်။ ဤရှုထောင့်မှနေ၍သာ ဓမ္မဟောင်းကိုကြည့်ရမည်၊ ထိုအခါ ၎င်း၏သမိုင်း၊ သတိပေးခြင်းများ၊ ကတိပေးခြင်းများသည် အသင်းတော်အတွက်ဖြစ်လာပါသည်။အကယ်၍ ဓမ္မဟောင်းကျမ်းစာများသည် အသင်းတော်နှင့်တထပ်တည်းမဟုတ်သော လူတမျိုးအတွက်သာ ရေးခဲ့သည်မှန်လျှင်၊ ယနေ့ခေတ်ကျွန်တော်တို့ယုံကြည်သူများအတွက် ဘာတခုမှပြောနိုင်မည်မဟုတ်ပါ၊ ထိုသို့ဖြစ်လျှင် ဓမ္မဟောင်းကျမ်းစာဆိုသည်မှာ စပ်စုလိုသောကျွန်တော်တို့၏စိတ်အတွက်သာ ဖတ်စရာကောင်းမည့်စာတအုပ်ဖြစ်လာပါမည်။

ထိုအချက်ကိုသေချာတွေးပါ။ အစ္စရေးနှင့်အသင်းတော်ကို ခြားနားသောလူနှစ်စုဟုပြောကြသူများ၊ ဓမ္မဟောင်းကျမ်းစာအပေါ် မိမိတို့၏သွန်သင်ခြင်းဟောပြောခြင်းများတွင် မှန်ကန်စွာသုံးနိုင်မည်မဟုတ်ပါ။ သူတို့က ဓမ္မဟောင်းသည် ၎င်းတို့နှင့် ဘာမှမဆိုင်သောစာအုပ်ဟု ပြောပါသည်။ သို့သော် အကယ်၍ အစ္စရေးနှင့်အသင်းတော်သည် အတူတူဟုပြောလျှင်၊ ဓမ္မဟောင်း၏သမိုင်းကို အသင်းတော်၏သမိုင်းအဖြစ် ဟောကြားတော့မှာဖြစ်ပါသည်။ ဓမ္မဟောင်း၏ကတိများ၊ သတိပေးခြင်းများသည် အသင်းတော်အတွက် ဖြစ်လာပါသည်။

ထိုသို့ အသင်းတော်နှင့်အစ္စရေးသည် တစုတည်းဖြစ်ပါသည်ဟုသိမြင်ခြင်းသည် ဗတ္တိဇံကိုနားလည်ဖို့ အခြေခံကျသောအချက်လည်းဖြစ်ပါသည်။ ပဋိညာဉ်များ၏ထပ်တူကျခြင်း၊ ကတိတော်များထပ်တူကျခြင်း၊ အစ္စရေးနှင့်အသင်းတော် ထက်တူကျခြင်းစသည့်အချက်များသည် ကျမ်းစာကသင်ပေးသည့် ကလေးငယ်များအား ဗတ္တိဇံပေးရခြင်းကိုနားလည်ဖို့ အခြေခံအရင်းအမြစ်များဖြစ်ကြပါသည်။ ကလေးငယ်များကို ဗတ္တိဇံမပေးရ၊ "ယုံကြည်သူ(လူကြီး)များကိုသာဗတ္တိဇံပေးရမည်"ဆိုသောအယူကို ထိန်းသိမ်းဖို့ ဓမ္မဟောင်းနှင့်ဓမ္မသစ်ကို ခွဲထုတ်ပစ်မှဖြစ်နိုင်ပါမည်။ ထို့အတူ ပဋိညာဉ်များမတူကြပါ၊ ကတိတော်များလည်း မတူကြပါ၊ ထို့ကြောင့် အသင်းတော်နှင့်အစ္စရေးလည်းမတူပါဟု ခွဲပစ်ရပါမည်။ (ထိုသို့မဖြစ်နိုင်ပါ)

အစကပင် ကျွန်တော်တို့က ရွေးကောက်သောသူများကိုသာ အစ္စရေး (သို့) အသင်းတော်ဟုခေါ်ကြောင်းပြောခဲ့သည်ကို အမှတ်ရကြပါမည်။ ကျန်သောသူများမှာ စစ်မှန်သောအစ္စရေး (သို့) စစ်မှန်သောအသင်းတော်မဟုတ်ကြပါ (ရောမ ၂း၂၈–၂၉၊ ၉း၆–၈)။ ထိုသူများသည် မိမိတို့နာမည်များကို အစ္စရေးများထံ၌ (သို့) အသင်းတော်အမည်စာရင်း၌ ထားရှိကြသော်လည်း၊ အပြင်းပန်းမျှသာဖြစ်ပါသည်။

အသင်းတော်၌မွေးဖွားခြင်း၊ အစ္စရေးကြားထဲမွေးဖွားခြင်းကြောင့် လူတဦးသည် စစ်မှန်သောယုံကြည်သူ ဖြစ်မလာသေးပါ။ ဗတ္တိဇံပေးသူယောဟန်က "ဘုရားသခင်သည် ဤကျောက်တုန်းများမှနေ၍ အာဗြဟံ၏သားသမီးများကို မွေးထုတ်နိုင်ပါသည်"ဟု ပြောခဲ့ပါသည် (မဿဲ ၃း၉)။ စစ်မှန်သောအစ္စရေးဖြစ်လာဖို့ တစုံတဦးသည် ကတိတော်၏မွေးဖွားခြင်း၊ ဘုရားသခင်၏မွေးဖွားပေးခြင်း ခံရပါမည်။ ထိုသို့သော စစ်မှန်သည့်အစ္စရေးများမှနေ၍ ဘုရားသခင်သည် ဂျူးများဖြစ်စေ၊ တပါးအမျိုးသားများမှဖြစ်စေ၊ ကတိတော်၏တန်ဖိုးအားဖြင့် အာဗြဟံ၏ဝိညာဉ်ရေးရာသားသမီးများကို ပေါ်ထွက်လာစေပါသည်။ သင်သည်လည်း အာဗြဟံ၏မျိုးနွယ်မှန်ဖြစ်ပါသလော?

ယနေ့ခေတ်တွင် ခရစ်တော်၏နိုင်ငံတော်အကြောင်း လူအများက ပြောဆိုနေကြပါသည်။ အများအားဖြင့် ကျမ်းစာနှင့်မညီစွာပြောနေကြခြင်းဖြစ်သည်။ ထိုနိုင်ငံတော်သည် သခင်ခရစ်တော်ပြန်မလာခင်၊ ဤကမ္ဘာကြီးတွင် ပေါ်ထွန်းလာမည်ဟု ပို၍ပြောလာနေကြပါသည်။ သို့သော် ထိုကဲ့သို့ ကျမ်းစာက ပြောမထားပြန်ပါ။ ခရစ်တော်၏နိုင်ငံတော်သည် ကောင်းကင်နှင့်ဆိုင်သောနိုင်ငံတော်ဖြစ်ပါသည် (မဿဲ ၂၆း၂၉၊ ယော ၆း၁၅၊ ၁၈း၃၆)။ ၎င်းသည် ကောင်းကင်မှလာပါမည်။ ၎င်း၏သဘောသဘာဝသည် ကောင်းကင်နှင့်သာဆိုင်မည်၊ ဝိညာဉ်ရေးရာနိုင်ငံဖြစ်ပါမည် (ယော ၃း၃-၅၊ လုကာ ၁၇း၂၀-၂၁)။ ၎င်း၏လက်တွေ့ဖြစ်လာခြင်းသည်လည်း ကောင်းကင်နှင့်သာဆိုင်ပါမည် (ဗျာ ၁၂း၁၀)။

ခရစ်တော်၏နိုင်ငံတော်ဟု ကျွန်တော်တို့ပြောကြသည့်အခါ၊ ကျွန်တော်တို့သည် သူ၏ကျေးဇူးတော်နိုင်ငံကိုပြောနေကြခြင်းဖြစ်သည်။ ထိုနိုင်ငံတွင် အရာအားလုံးကို သူ၏ကယ်တင်သောကျေးဇူးတော်တန်ခိုးက အုပ်ချုပ်သည်၊ အစီစဉ်တကျအမိန့်ပေးပါသည်။ တကယ်တမ်းပြောရလျှင် တလောကလုံးကို၊ ဖန်ဆင်းခြင်းတခုလုံးကို ခရစ်တော်ကပိုင်ပါသည်၊ သူက အစိုးရတော်မူစွာ အနန္တတန်ခိုးတော်နှင့် အုပ်ချုပ်ပါသည် (မဿဲ ၂၈း၁၈၊ ဖိ ၂း၉-၁၁)။ သို့သော် သူ၏နိုင်ငံတော်ကို အတိအကျပြောရလျှင် သူ၏ကျေးဇူးတော် တည်ရှိသောအရပ်ဖြစ်ပါသည်၊ ထိုကျေးဇူးတော်တည်ရာအရပ်၊ ကျွန်တော်တို့က နိုင်ငံတော်ဟုခေါ်သောနေရာသည် အသင်းတော်ဖြစ်ပါသည်။ နိုင်ငံတော်သည် အသင်းတော်ပြင်ပ၌မဟုတ်ပါ၊ ကွဲပြား၍လည်းမနေပါ၊ အသင်းတော်ပင်ဖြစ်ပါသည်။ ထိုနေရာတွင်သာ ကျေးဇူးတော်က အုပ်ချုပ်ပါသည်။ အသင်းတော်နယ်နိမိတ်ပြင်ပသို့ ကျေးဇူးတော်သည် ပြန့်မနေပါ။ ထို့ကြောင့် "အများနှင့်ဆိုင်သောကျေးဇူးတော်"(common grace)ဆိုသည် မရှိပါ။

အသင်းတော်တွင် ကျေးဇူးတော်အားဖြင့် ခရစ်တော်၏နိုင်ငံတော်၏နိုင်ငံသူ/သားများကို တွေ့ရပါသည်။ ထိုနိုင်ငံတော်သို့ သူတို့သည် ကျေးဇူးတော်နှင့်ဝိညာဉ်တော်ကြောင့် စုစည်းရောက်ရှိကြပါသည် (ကော ၁း၁၃)။ ထိုနိုင်ငံတော်ထဲတွင် သူတို့သည် သူ၏ကျေးဇူးတော်နှင့်ပြည့်ဝသောတန်ခိုးတော်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း ခံကြရပါသည်။ ထိုနိုင်ငံတော်၏ နိုင်ငံသူ/သားများအဖြစ် သူတို့သည် ကောင်းကင်ဘုံသို့ ပြောင်းလဲခြင်းကိုခံကြရသည်၊ ခရစ်တော်၏နိုင်ငံတော် ပြည့်ဝစွာအကောင်ထည်ပေါ်လာလျှင် ထိုနိုင်ငံတော်၏ဘုန်းကျက်သရေသို့ ဆက်လက်ဝင်စားကြရပါဦးမည်။ ထိုနိုင်ငံတော်ရောက်လာရန် ခရစ်တော်သင်ပေးသောဆုတောင်းခြင်းတွင် ကျွန်တော်တို့ ဆုတောင်းကြပါသည်။ ထိုနိုင်ငံတော်(အသင်းတော်)က ခရစ်တော်ပြောပြသော သော့များကိုပိုင်ဆိုင်ပါသည် (မဿဲ ၁၆း၁၉)။ ထိုနိုင်ငံတော်၏ တံတိုင်းများသည် ကယ်တင်ခြင်းဖြစ်သည်၊ ၎င်း၏ အဝင်တံခါးများသည် ချီးမွမ်းခြင်းဖြစ်ကြပါသည်။ ၎င်းကို ဟေရှာယက ရှေးယခင်ကပင် ပြောခဲ့ပြီဖြစ်သည် (ဟေရှာ ၆၀း၈)။

ထိုနိုင်ငံတော်သည် ဤကမ္ဘာလောကပေါ်တွင် ရှိနေပါသည်၊ သို့သော် ရန်သူ့နယ်မြေထဲမှ ရှေ့တန်းစခန်းကဲ့သို့ ရှိနေခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဤကမ္ဘာပေါ်ရှိနေစဉ် အသင်းတော်သည် စစ်ပွဲထဲရောက်နေသော စစ်တပ်တခုနှင့်အမြဲ တူနေပါသည်။ ရန်သူအဝိုင်းခံနေရသောမြို့တော်တခုနှင့်တူနေတတ်ပါသည် (ဟေရှာ ၁း၈၊ မဿဲ ၁၆း၁၈၊ ဗျာ ၂၀း၉)။ ဤကမ္ဘာလောကထဲအသင်းတော်ရှိနေသမျှကာလပတ်လုံး၊ အသင်းတော်သည် တိုက်ပွဲဝင်အသင်းတော်ဖြစ်ပါသည်၊ ထိုသို့ပင် ဆက်လက်ဖြစ်နေပါမည်၊ တိုက်ပွဲဝင်အသင်းတော်ဆိုသည်မှာ စစ်ပွဲထဲရောက်နေသောအသင်းတော်ဟုဆိုလိုခြင်းဖြစ်သည်။

အသင်းတော်သည် ခရစ်တော်၏နိုင်ငံဖြစ်သောကြောင့်၊ ထိုနိုင်ငံသည် ကောင်းကင်နှင့်ဆိုင်သောနိုင်ငံ၊ ဝိညာဉ်ရေးရာနိုင်ငံဖြစ်သောကြောင့် အသင်းတော်သည် မည်သောအခါမျှ ဤကမ္ဘာလောကကြီး၏လက်နက်များကို အသုံးမပြုပါ၊ အသုံးမပြုသင့်ပါ။ အချို့ခရစ်ယာန်တို့က ဆန္ဒရှိကြသလို အသင်းတော်သည် ဤကမ္ဘာကြီးအား လွှမ်းမိုးနိုင်ခဲ့သည်ဆိုဦးတော့၊ ထိုသို့ပြုခြင်းဖြင့် ခရစ်တော်၏နိုင်ငံတော်ကိုတည်ထောင်ခြင်းတော့ လုံးဝဖြစ်မလာနိုင်ပါ။ နိုင်ငံတော်သည် တည်ငြိမ်သော၊ သေးငယ်သော ဓမ္မဂေလိစကားဖြင့်သာ တိုးတက်နေပါသည်။ ထိုဓမ္မဂေလိစကားကြောင့်သာ တချိန်က ဤကမ္ဘာလောကနိုင်ငံကြီး၏ နိုင်ငံသူ/သားများ ဖြစ်ခဲ့ကြသော၊ စာတန်၏ကျွန်များဖြစ်ခဲ့ကြသူများသည် ချီသာစွာဖြင့် အောင်နိုင်ခြင်းကိုခံကြလျှက်၊ ခရစ်တော်နှင့်မိတ်ဆွေဖွဲ့ခြင်းထဲသို့ ဆောင်ယူခြင်းကို ခံကြပါသည်၊ သန့်ရှင်းသူများနှင့်အတူ နိုင်ငံတော်သူ/သားများဖြစ်ရခြင်းအခွင့်ကို ပိုင်ဆိုင်ကြပါသည်၊ ယုံကြည်ခြင်းအိမ်ထောင်စု၏ တစိတ်တပိုင်းလဲ ဖြစ်လာကြပါသည် (ဧဖက် ၂း၁၉)။ ထိုသို့ဖြစ်ခြင်းသည်၊ ခရစ်တော်၏နိုင်ငံတော် အောင်ပွဲခံပုံဖြစ်ပါသည်၊ လက်ဝါးကပ်တိုင်တွင် ရခဲ့ပြီးသောအောင်ပွဲဖြစ်ပါသည် (ကော ၂း၁၅)။ ကမ္ဘာလောကကြီး၏စွမ်းအင်တန်ခိုးက ထိုအောင်ပွဲကို မခုခံနိုင်ပါ၊ ထို့အပြင် နိုင်ငံတော်သူ/သားများ၏အပြစ်အားနည်းခြင်းများကလည်း ထိုခရစ်တော်၏နိုင်ငံတော်၏အောင်ပွဲကို ခဏလေးမျှပင် မခုခံမတားဆီးနိုင်ပါ (မဿဲ ၁၆း၁၈)။

ခရစ်တော်၏နိုင်ငံတော်သည် ထိုကဲ့သို့ ဝိညာဉ်ရေးရာသဘောသဘာဝရှိသောနိုင်ငံတော် ဖြစ်လွန်းသဖြင့် ဒုတိယမွေးခြင်းမခံရသူများက မြင်ပင်မမြင်နိုင်ဖြစ်ကြပါသည်။ ထိုနိုင်ငံတော်သို့ ကျေးဇူးတော်အားဖြင့်ခေါ်တော်မူခြင်းခံရသူအားလုံး ပါဝင်ကြပါသည်၊ သို့သော် ချီးမြှောက်ခြင်းကိုတော့ မခံကြရသေးပါ။ ထိုနိုင်ငံတော်တွင် သူတို့သည် သခင်ခရစ်တော်အားဖြင့် အောင်နိုင်သူများထက် အောင်နိုင်ကြသူများဖြစ်ကြပါသည်။

သင် ထိုကြီးမြင့်လှသောနိုင်ငံတော်၏ နိုင်ငံသားတဦးဖြစ်ပါသလော?

# တိုက်ပွဲဝင်အသင်းတော်အကြောင်း(Church Militant)

ဘုရားသခင်၏အသင်းတော်တွင် ခြားနားသောအုပ်စုသုံးစု ပါဝင်ပါသည်။ သို့သော် နောက်ဆုံးချိန်ရောက်လျှင် ၎င်းတို့ အားလုံး ခရစ်တော်အားဖြင့် တစု ဖြစ်လာကြပါဦးမည်။ ပထမအဖွဲ့မှာ၊ သမိုင်း၏တချိန်တခါတွင် မြေကမ္ဘာပေါ်၌အသက်ရှင်နေကြ ဆဲ ရွေးကောက်ခြင်းခံရသူများအားလုံးဖြစ်သည် (ဧဖက် ၁း၁၀)။ ၎င်းတို့ကို တိုက်ပွဲဝင်အသင်းတော်ဟု ရည်ညွှန်းလေ့ရှိသည်။ (တ ခြားမဟုတ် ရွှေပြည်သာအသင်းတော်တွင် ရှိကြသောအသင်းသူ/သားများကဲ့သို့သော ယုံကြည်သူများကိုဆိုလိုသည်)

ဒုတိယအုပ်စု၊ ရွေးကောက်ခြင်းခံရသောသူများထဲမှ တစိတ်တပိုင်းသည် ကောင်းမွန်စွာအသက်ရှင်ကြလျက်၊ မိမိတို့တာဝန် များပြီးဆုံးပြီး၊ ဂုဏ်ကျက်သရေသို့ ဝင်စားကြပြီးသူများဖြစ်သည်။ ၎င်းတို့ကို အောင်ပွဲရပြီးအသင်းတော်ဟု ခေါ်ပါသည် (၂တိ ၄း၇– ၈၊ ဗျာ ၆း၁၀)။

နောက်ဆုံး(တတိယ)အုပ်စုမှာ ရွေးကောက်ခြင်းခံရသူများဖြစ်သော်လည်း မမွေးဖွားကြသေးသူများ၊ နောင်တရခြင်းနှင့်ယုံ ကြည်ခြင်းသို့ ပို့ဆောင်ခြင်းမခံရသေးသူများဖြစ်သည်။ ၎င်းတို့ကို မပေါ်သေးသော (သို့) ဖုံးကွယ်နေသော အသင်းတော်ဟု ခေါ်ပါ သည် (၂ပေ ၃း၉)။

လက်ရှိကမ္ဘာပေါ်တွင် အသက်ရှင်နေဆဲအသင်းတော်ကို တိုက်ပွဲဝင်အသင်းတော်ဟုခေါ်ခြင်းသည် သင့်တော်လှပါသည်၊ တိုက်ခိုက်နေသောအသင်းတော်ဖြစ်ပါသည်။ ကျမ်းစာတွင်၎င်းကို စစ်တပ်တခုသဖွယ်ပြောပါသည် (ရှောလမုန်သီချင်း ၆း၄၊၁၀၊ ဗျာ ၁၉း၁၁–၁၆)။ ၎င်း၏တာဝန်သည် စစ်မှုအတွက်ဖြစ်သည် (၂ကော ၁၀း၃၊၄၊ ၁တိ ၁း၁၈၊ ၂တိ ၂း၄)။ ၎င်း၏အသင်းသားများကို ဘုရားသခင်၏ချပ်ဝတ်တန်ဆာများ ဝတ်ဆင်ခိုင်းပါသည် (ဧဖက် ၆း၁၀–၁၈)။ ခရစ်တော်သည် ၎င်း၏စစ်ဦးစီးဖြစ်သည် (ဟေဗြဲ ၂း ၁၀၊ ဗျာ ၁၉း၁၁–၁၆)။

တိုက်ပွဲဝင်ဆိုသည့်စကားလုံးက အသင်းတော်သည် စစ်ပွဲဝင်ရန်အသင့်ဖြစ်နေသည်သာမက၊ ၎င်းသည် အမြဲတမ်းစစ်ကို တိုက်နေရသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ၎င်းသည် အသင်းတော်၏တာဝန်တခုလုံးကိုခြုံငုံရည်ညွှန်းခြင်းဖြစ်သည် (၂တိ ၂း၄)။ ထိုစစ်ပွဲသည် ဘယ့်တော့မှမပြီးပါ၊ ကျွန်တော်တို့ ယခုဘဝမှထွက်လျှက် ခရစ်တော်နှင့်ဘုန်းကျက်သရေသို့ဝင်စားချိန်မှ စစ်ပြီးပါမည် (၂တိ ၂း၇၊၈)။

အသင်းတော်၏စစ်သည် ကာကွယ်ရေးမျှသာမဟုတ်ပါ။ အသင်းတော်နှင့်၎င်း၏အသင်းသူ/သားများသည် ရန်သူတို့၏ နယ်မြေသို့ဝင်ရောက် တိုက်ပွဲဆင်နွဲရန်လည်း အမိန့်ပေးထားပါသည်။ ထိုးစစ်ဆင်နွဲခြင်းဖြစ်သည်။ ၂ကော ၁၀း၄–၅၏စကားလုံးများ က ထိုအချက်ကိုအတိအကျပြောနေပါသည်၊ "ငါမှတို့စစ်တိုက်၍ သုံးစွဲသောလက်နက်သည် ဇာတိပကတိလက်နက်မဟုတ်။ ဘုရားသခင်၏တန်ခိုးတော်အားဖြင့် ခိုင်ခံ့သော ရဲတိုက်တို့ကို ဖြိုဖျက်နိုင်သောလက်နက်ဖြစ်၏။ ထိုလက်နက်အားဖြင့် လူတို့၏အကြံအစည်တို့ကို၎င်း၊ ဘုရားသခင်ကိုသိသော ပညာကို ဆီးတားသော မာန်မာနရှိသမျှတို့ကို၎င်း၊ ဖြိုဖျက်လျက်၍၊ ခပ်သိမ်းသောစိတ်တို့ကို ဘမ်းသိမ်းချုပ်ထားလျက်၊ ခရစ်တော်၏စကားကို နားထောင်စေ၏။" ဤကျမ်းပိုဒ်က စစ်ပွဲသည် ဝိညာဉ်ရေးရာစစ်ဟုပြောပါသည်။ ရန်သူများ (ဧဖက် ၆း၁၂)၊ လက်နက်များ (၁၃–၁၇)၊ စစ်ပွဲက ဝိညာဉ်ရေးရာဆိုသောကြောင်း၊ တကယ်မဟုတ်ဟုပြောခြင်းမဟုတ်၊ တကယ့်ကိုတိုက်နေသည်၊ မပြင်းထန်မခက်ခဲဟုမဆိုလို အသင်မတန်ကြမ်းတမ်းခက်ထန်သည်။

ရန်သူများမှာ စာတန်၊ ကမ္ဘာလောကကြီးနှင့် ကျွန်တော်တို့၏ကိုယ်ပိုင်အသွေးအသားဖြစ်သည်။ ၎င်းတို့အားဖြင့် အပြစ်နှင့် သွေးဆောင်ဖျားယောင်းခြင်းမျိုးစုံသည် ပုံစံမျိုးစုံ ရုပ်ဖျက်လျှက် ဝင်ရောက်လာတတ်သည်၊ ထိုသို့သောအရာအားလုံး ရန်သူဖြစ် သည်။ ထိုသို့သောရန်သူများကို နိုင်ငံရေးလုပ်ခြင်းဖြင့် တိုက်၍မရပါ၊ လူမှုရေး၊ စည်းပွားရေး၊ စစ်အာဏာတန်ခိုးတို့ဖြင့် တိုက်၍မရ နိုင်ပါ။ ထိုစစ်ပွဲကို ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ယုံကြည်ခြင်းနှင့်သာ တိုက်နိုင်ပါသည် (ဧဖက် ၆း၁၃–၁၇၊ ၁ယော ၅း၄)။

ထိုစစ်ပွဲသည် လူသားတို့၏စိတ်နှင့်ဝိညာဉ်တို့ထဲရှိ တိုက်ပွဲဖြစ်ပါသည်။ မှားယွင်းသောအိုင်ဒီယာများ၊ မှားယွင်းသောသွန် သင်ခြင်းများကို ဆန့်ကျင်သောစစ်ပွဲဖြစ်ပါသည်။ ဆိုးယုတ်ခြင်းနှင့်သွေးဆောင်ခြင်းတို့ကိုဆန့်ကျင်သော စစ်ပွဲဖြစ်ပါသည် (၂ကော ၁၀း၄–၅၊ ယာ ၄း၇)။ ၎င်းစစ်ပွဲသည် ဘုရားသခင်နှင့် သူငယ်ချင်း မဖြစ်ချင်သမျှသောအရာတို့နှင့် တိုက်သောစစ်ပွဲဖြစ်ပါသည်။ ဘု ရားသခင်အားသိသောပညာနှင့် သူငယ်ချင်းမဖြစ်ချင်သမျှသောအရာတို့နှင့် တိုက်သောစစ်ပွဲဖြစ်ပါသည်။

သို့သော် သိရမည်မှာ၊ ထိုစစ်ပွဲကို အောင်နိုင်ဖို့တိုက်နေကြသည်မဟုတ်ပါ၊ အောင်နိုင်ခြင်းထဲမှတိုက်နေကြခြင်းဖြစ်ပါသည်။ ကျွန်တော်တို့၏သခင်ဘုရားက သူ၏ဝေဒနာခံစားခြင်း၊ သေခြင်း၊ သေရာမှပြန်ထမြောက်ခြင်း၊ ကောင်းကင်သို့တက်ကြွခြင်းဖြင့် ထို အောင်ပွဲကို ရယူပေးပြီးဖြစ်သည်၊ သူ့အားယုံကြည်သူတို့အားလုံးကို ပေးထားပြီးဖြစ်သည်။ ကျွန်တော်တို့ကို တကယ်ချစ်သော သူ့ အားဖြင့် အောင်ပွဲရသူများထက်ပို၍အောင်မြင်သူများဖြစ်ကြသည်ကို အမြဲသိနေရပါမည် (ရောမ ၈း၃၇)။ သို့သော် ကျွန်တော်တို့ ထိုစစ်ကို တိုက်ကိုတိုက်ရပါမည်။ ကျွန်တော်တို့ကို ဓမ်ခံဖို့ခေါ်ထားသည်မဟုတ်ပါ၊ စစ်သားဖြစ်ဖို့ခေါ်ထားခြင်းဖြစ်ပါသည် (၂တိ ၂း၃၊ ၄)

သင် တိုက်ပွဲဝင်နေပါသလား (သို့) ဆော့နေပါသလား?

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++

## သိပ္ပံဆိုသည်မှာ

ဒီနေ့ခေတ်ကြီးကို ယေဘုယျအားဖြင့် သိပ္ပံခေတ်ကြီးလို့ခေါ်နေကြပါတယ်။ သိပ္ပံမသိရင်ခေတ်မမီဘူးလို့ပြောကြပါတယ်။ တစ်ခုခုပြောရင် သိပ္ပံနည်းမကျဘူးလို့လဲ ပြောတတ်ကြပါတယ်။ ဒါပေမဲ့ သိပ္ပံပညာဆိုတာပါလဲလို့ ပြောရင် သေချာပြန်မဖြေတတ်ကြပြန်ဘူး။ လူတိုင်းသိနေသလိုဘဲ၊ ဒါပေမဲ့ ဘယ်သူမှ အသေအချာမသိပြန်ဘူး။

ပြီးတော့ လူဟာမျောက်ကနေဆင်းသက်တယ်လို့ပြောနေကြတဲ့ ဒါဝင့်နောက်လိုက်တွေကလဲ သူတို့ရဲ့ မျောက်မသားသီအိုရီကို လက်မခံရင် သိပ္ပံပညာနားမလည်တဲ့တုံးတွေလို့ထင်ကြပြန်တယ်။ တကယ်က သူတို့ရဲ့ မျောက်မသားသီအိုရီကလည်း သိပ္ပံနည်းလုံးဝမကျတာကို တချို့က မသိဘူး၊ တချို့ကသိပေမဲ့ မှန်လာဉ လုပ်နေကြတယ်။ ဒီတော့ ကျွန်တော့်တာဝန်က သိပ္ပံပညာဆိုတာ ဘာလဲ ရှင်းပြရမယ်။ ပြီးတော့ ခရစ်ယာန်တွေရဲ့ သိပ္ပံပညာပေါ် အမြင်ကိုလည်းထပ်ပြောရပါတော့မယ်။

သိပ္ပံပညာဆိုတာကို အဘိဓါန်ကျမ်းတွေက ဒီလိုပြောပါတယ်။

**a.** The observation, identification, description, experimental investigation, and theoretical explanation of phenomena. စောင့်ကြည့်လေ့လာခြင်း၊ ထပ်တူပြုဖေါ်ထုတ်ခြင်း၊ ဖေါ်ပြရေးသားခြင်း၊ လက်တွေ့စမ်းသပ် စုံစမ်းစစ်ဆေးခြင်း၊ ထို့နောက် တွေ့ရှိချက်ဖြစ်စဉ်ကို သီအိုရီသဘောဖြင့် ရှင်းပြခြင်း။

**b.** Such activities restricted to a class of natural phenomena. ထိုသို့သောစူးစမ်းခြင်းမျိုးဖြင့် သဘာဝအဖြစ်အပျက်များ၏ တခုသော ဘာသာရပ်ကိုကန့်သတ်လေ့လာခြင်း။

**c.** Such activities applied to an object of inquiry or study. ထိုသို့သော စူးစမ်းခြင်းမျိုးဖြင့် တစုံတခုသောအရာကို လက်တွေ့လေ့လာခြင်း။

ဒီအချက်သုံးချက်ကိုကြည့်ရင် နှစ်သန်းပေါင်းများစွာလို့ ပြောနေကြတာဟာ ယူဆတာဖြစ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလောက်ကြာမကြာကို ဘယ်သူကမှ မစောင့်ကြည့်နိုင်လို့ဘဲ။ ခန့်မှန်းခြေနဲ့ ပြောနေကြတာဖြစ်တယ်။ သူတို့ရဲ့ နှစ်ဘယ်လောက်ကြာတယ်ဆိုတာကို စမ်းသပ်တဲ့ စက်တွေကလဲ လူလုပ်တာဆိုတော့၊ ရှေးကဖြစ်ခဲ့တာတွေကို ခန့်မှန်းခြေလောက်ဘဲ ပေးနိုင်ကြတာဖြစ်တယ်။

ဒါ့ကြောင့် သိပ္ပံပညာဆိုတာ၊ အခုလက်ရှိ ဖြစ်နေတဲ့၊ ရှိနေတဲ့အရာတွေနဲ့ပတ်သက်ရင် အတော်ကလေးကောင်းပါတယ်။ ဒါတောင် အမြဲတမ်းသီအိုရီတွေ ပြောင်းပြောင်းနေရတာ၊ ဘယ်တော့မှ ရပ်တယ်မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နည်းပညာတွေ တိုးတက်လာတာနဲ့အမျှ တွေ့ရှိခြင်းတွေက ပိုပို များလာနေတာဖြစ်တယ်။ ဒါ့ကြောင့် သိပ္ပံကို ဝကွက်မယုံလိုက်ပါနဲ့။

ဒါဆိုရင် သိပ္ပံပညာရှင်တွေဟာ ဘယ်လိုလုပ်စမ်းသပ်မှုတွေပြုကြတာလဲ။ ဒါကအရေးပါတဲ့အရာဖြစ်တယ်။ လူတိုင်းမှာ ကြိုတင်ယူဆချက်တွေရှိတယ်။ ကြားနေဆိုတာမျိုးမရှိကြပါဘူး။ သိပ္ပံပညာရှင်ဆိုသူအများစုရဲ့ ဦးနှောက်မှာ ကျွန်တော်တို့ရဲ့ သုံးပါးတဆူဘုရားသခင်က ဖန်ဆင်းတယ်ဆိုတာ မယုံပါဘူး။ ဒီတော့ သူတို့က မယုံကြည်ခြင်းနဲ့ သူတို့ရဲ့ စမ်းသပ်ချက်ကို စလုပ်တယ်။ တွေ့ရှိမှုတွေကို သီအိုရီဆွဲရာမှာလဲ သုံးပါးတဆူဘုရားသခင်ဆိုတာ အလကားပါ ဆိုတာကနေ သူတို့ သီအိုရီတွေကို ဆွဲတာဖြစ် တယ်။

အများစုက ခံယူတဲ့သီအိုရီကတော့၊ ဒါဝင်ရဲ့ မျောက်မသားသီအိုရီပါဘဲ။ သူတို့ကိုသူတို့မျောက်မကနေဆင်းသက်တဲ့သတ္တဝါတမျိုးလို့ ခံယူထားကြတာဖြစ်တယ်။ ဒါဝင်က ဖန်ဆင်းခြင်းမရှိဘူး၊ သဘာဝထဲမှာ နှစ်သန့်ပေါင်းအမြောက်အများကြာပြီး တဖြည်းဖြည်း ပြောင်းလဲဖြစ်ပေါ်လာတာလို့ ပြောပါတယ်။ ဒါ့ကြောင့် သူတို့ရဲ့စမ်းသပ်ချက်တွေကို အဲဒီသီအိုရီနဲ့မကိုက်ကိုက်အောင် လုပ်ကြပါတယ်။ သူတို့ဟာ ဘက်လိုက်ပါတယ်။ ကမ္ဘာမှာ ဘက်မလိုက်သူ တယောက်မှမရှိပါဘူး။

ဒီလူတွေက အရာခပ်သိမ်း တမျိုးထဲကနေဆင်းသက်လာတယ်၊ တိုးတက်ပြောင်းလဲလာတယ်လို့ပြောကြတယ်။ ဒါပေမဲ့ တကယ့်လက်တွေ့ဘဝမှာ မတွေ့ရပြန်ဘူး။ ကျောက်ဖြစ်ရုပ်ကြွင်းတွေက သူတို့ရဲ့အယူအဆကို ထောက်ခံတယ်တဲ့။ ဒါဆိုရင် ငါးကနေ ငှက်ကိုပြောင်းနေတဲ့ သတ္တဝါရဲ့ရုပ်ကြွင်းကို ဘယ်မှာမှမတွေ့ရဘူး။ သူတို့က နှစ်ပေါင်းသန်းပေါင်းများစွာ ရေထဲကသတ္တဝါတွေက ကုန်းနေသတ္တဝါများအဖြစ်ကို ဖြည်းဖြည်းခြင်းပြောင်းခဲ့ကြတယ်လို့ပြောတာကိုး။ ဒါပေမဲ့ လက်တွေ့မှာ အဲဒီလို တဖြည်းဖြည်းပြောင်းတယ်ဆိုရင် ဟိုမရောက်ဒီမရောက်သတ္တဝါတွေ ရှိခဲ့ရမှာပေါ့။ ချက်ခြင်းမဟုတ်ဘဲ တဖြည်းဖြည်းခြင်းပြောင်းတာကိုး။ ဒါ့ကြောင့် သိပ္ပံပညာရှင်တွေရဲ့ သီအိုရီတွေဟာ အဖြစ်မှန်မဟုတ်ဘူး၊ နဂိုကထဲက တခုခုယုံကြည်လက်ခံပြီး၊ အဲဒီယုံကြည်ထားတဲ့အချက်နဲ့ ကိုက်အောင် လုပ်ကိုင်နေကြတာဘဲဖြစ်တယ်။

ကျွန်တော်တို့ ယုံကြည်သူတွေကတော့ ဘုရားသခင်က အစကထဲက သူ့အမျိုးနဲ့သူ သီးသန့်ဖန်ဆင်းထားတယ်လို့ ကျမ်းစာပြောသလို ယုံကြည်ကြတယ်။ ဒါ့ကြောင့် တမျိုးချင်းစီကြားမှာ မျိုးကွဲကလေးတွေအများကြီးရှိနိုင်တယ်။ ဒါပေမဲ့ တမျိုးကနေနောက်တမျိုး မကူးနိုင်ဘူး၊ ဘုရားကခွင့်မပြုဘူး။ ဥပမာ – ခွေးမျိုးထဲမှာ မျိုးစုံသောခွေးမျိုးတွေရှိနိုင်တယ်။ ကြောင်မျိုးထဲမှာ မျိုးစုံသော ကြောင်မျိုးရှိနိုင်တယ်၊ ဒါပေမဲ့ ခွေးတပိုင်းကြောင်တပိုင်းမဖြစ်နိုင်ဘူး၊ သတ်မှတ်ထားတဲ့ မျိုးနွယ်ကို မကျော်နိုင်ဘူး။ ဘာလို့လဲဆိုတော့ ဘုရားသခင်က သူ့မျိုးနဲ့သူ ဥပဒေသတွေချမှတ်ထားလို့ဘဲ။ အဲဒီလို သူ့အမျိုးနဲ့သူဆိုတာကို ကမ္ဘာဦးကျမ်း အခန်းကြီး ၁ မှာ ၅ ကြိမ်တိတိသုံးထားပါတယ်။ ပြီးတော့ ရေလွှမ်းမိုးချိန်မှာ နေထဲ သတ္တဝါတွေ သူ့အမျိုးနဲ့သူ အမြောက်အများလာကြတယ်လို့ ကျမ်းစာက ထပ်ပြောပါတယ် (ကမ္ဘ ၇း၁၄)။ ပြဿနာက ဆရာယူဒသန်ပြန်ပေးတဲ့ကျမ်းစာမှာ အဲဒီလို တိတိကျကျ ရေးမပေးထားတာဘဲ။ ဒါ့ကြောင့် ကျမ်းစာပြောတာအမြဲတမ်း မှန်တယ်။ ဒီနေ့အထိမှန်တယ်။ ဒါ့ကြောင့် ဒါဝင်ရဲ့ မျောက်မသားသီအိုရီကို ခရစ် ယာန်တွေ ဂရုစိုက်စရာမလိုဘူး၊ အဲဒါမယုံလို့ သိပ္ပံမသိတဲ့ကောင်လို့ အပြောခံရမှာကြောက်စရာမလိုပါဘူး။

သိပ္ပံပညာကို အာဒံထံကထဲက ပေးပြီးသားဖြစ်တယ်။ ဒါကို ကမ္ဘာ ၁း၂၆ မှာတွေ့ရတယ်။ ဒီမှာဘဲ ပြဿနာက ဆရာယူဒ သန်ပြန်ပေးတဲ့ကျမ်းစာမှာ သိပ်မရှင်းတာဘဲဖြစ်တယ်။ အင်္ဂလိပ်လို And God blessed them, and God said unto them, Be fruitful, and multiply, and replenish the earth, and subdue it: and have dominion over the fish of the sea, and over the fowl of the air, and over every living thing that moveth upon the earth. (Genesis 1:28 KJV) လို့ပြောတော့၊ "ဘုရားသခင်သည် သူတို့ကို ကောင်းချီးပေးတော်မူသည်၊ ထို့နောက် သူတို့ထံ 'သီးပွင့်ကြလော့၊ များပြားကြလော့၊ ကမ္ဘာကြီးကို ပြည့်ကြလော့၊ ကမ္ဘာကြီးကို ထိန်းချုပ်အနိုင်ယူကြလော့.......'ဟုပြောတော်မူသည်၊"လို့ဖြစ်ရပါမယ်။ ဒါဟာ သိပ္ပံပညာထွန်း ကာလာမယ်လို့ ပြောနေခြင်းဘဲဖြစ်တယ်။ ကမ္ဘာကြီးကိုဖန်ဆင်းကထဲက ရှာဖွေတီထွင်တွေ့ရှိဖို့အကြောင်းအရာတွေကို ဘုရားသ ခင်က ပေးထားပြီဖြစ်တယ်။ လူသားက ဘုရားသခင်ရဲ့စောင့်မတော်မူခြင်းအောက်ကနေ တဖြည်းဖြည်းတိုးတက်အောင် တီထွင် ဖန်တည်းရမှာဖြစ်တယ်။ ဒါကို လူသားတွေက ဒီနေ့ထိလုပ်နေဆဲပါဘဲ။ ဒါ့ကြောင့် ခရစ်ယာန်အမြင်ဟာ လက်တွေ့ဖြစ်နေသောအ ရာများနဲ့ လက်တွေ့ကျစွာ ခေတ်မှီသောအမြင်ဖြစ်တယ်။

၂ကော ၈း၁–၂၄ (ဂျိန်းဘုရင်မူ)
၁ – ထို့အပြင် ညီအကိုတို့၊ မက်စီဒိုးနီးယားနိုင်ငံရှိ အသင်းတော်များအပေါ် ဘုရားသခင်ချပေးတော်မူသောကျေးဇူးတော်အား ငါတို့ သင်တို့ကို သိစေချင်ပါသည်။
၂ – သူတို့သည် ကြီးစွာသောဒုက္ခဆင်းရဲခြင်းများကို ခံကြရခြင်းများတွင် သူတို့၏ဝမ်းမြောက်ခြင်းသည် အလျှံအပယ် ရှိနေပါသည်၊ ထို့အပြင် သူတို့၏ နက်ရှိုင်းသောဆင်းရဲခြင်းမှနေ၍ လွတ်လပ်စွာပေးကမ်းခြင်းတွင် ကြွယ်ဝနေကြပါသည်။
၃ – အဘယ့်ကြောင့်ဆိုသော် သူတို့သည် မိမိတို့၏စွမ်းအားထက်ပို၍ပင် မိမိတို့ကိုယ်ကို ပေးကမ်းရန် လိုချင်ဆန္ဒရှိကြသည်ကို ငါ သက်သေခံပါသည်။
၄ – ငါတို့က သူတို့၏ လက်ဆောင်ကို လက်ခံကြမည်အကြောင်း အနူးအညွတ်တောင်းပန်ကြလျှက်၊ သန့်ရှင်းသူတို့အား ပြုစုစောင့် ရှောက်ခြင်းမိတ်သဟာယကို ငါတို့ထံသို့ ပေးအပ်ကြပါသည်။
၅ – ထို့အပြင် ထိုသို့ပြုစုကြခြင်းကို ငါတို့မျှော်လင့်ထားသကဲ့သို့ ပြုကြသည်မဟုတ်၊ သို့သော် ပထမ သူတို့ကိုယ်သူတို့ သခင်ဘုရား ထံ ပေးအပ်ကြလျှက်၊ ထို့နောက် ဘုရားသခင်၏အလိုတော်အားဖြင့် ငါတို့ကိုထံ အပ်နှံကြခြင်းဖြစ်သည်။
၆ – ထို့ကြောင့် သင်တို့ကြားတွင် စတင်လုပ်ကိုင်ခဲ့ပြီးဖြစ်သည်နှင့်အညီ၊ တိုက်တပ်စ်သည် ထိုတူညီသော ကျေးဇူးတော်ကို သင်တို့ ထံ၌ ပြီးဆုံးအောင်လုပ်ဆောင်ဖို့ ငါတို့ သူ့ကို တိုက်တွန်းကြပါသည်။
၇ – ထို့ကြောင့် သင်တို့သည် အရာအားလုံး၌အလျှံအပယ်ရှိကြသည်နှင့်အညီ၊ ယုံကြည်ခြင်း၌၄င်း၊ နှုတ်ကပတ်တော်၌၄င်း၊ အသိပ ညာ၌၄င်း၊ လုံ့လဝီရိယရှိခြင်းအားလုံး၌၄င်း၊ ငါတို့ထံထားသော သင်တို့၏ချစ်ခြင်း၌၄င်း သင်တို့သည် ထိုတူညီသောကျေးဇူးတော်၌ လည်း အလျှံအပယ်ရှိကြရန် သတိပြုကြပါ။
၈ – ငါသည် အမိန့်ပေးသလို ပြောသည်မဟုတ်ပါ၊ သို့သော် အခြားသူများ၏လုံ့လဝီရိယရှိခြင်းကို အကြောင်းပြုလျှက် သင်တို့ချစ် ခြင်း၏ ရိုးသားမှုကို သက်သေပြနိုင်ရန်ဖြစ်သည်။
၉ – အဘယ့်ကြောင့်ဆိုသော် သင်တို့သည် ငါတို့သခင်ယေရှုခရစ်၏ ကျေးဇူးတော်ကို သိကြပါသည်၊ သူသည် ချမ်းသာသော်လည်း သင်တို့အတွက်ကြောင့် ဆင်းရဲသူ ဖြစ်လာခဲ့ပါသည်၊ သူ၏ဆင်းရဲခြင်းဖြင့် သင်တို့ ချမ်းသာကြရန်ဖြစ်သည်။
၁၀ – ဤနေရာတွင် ငါ၏အကြံပေးပါမည်၊ တနှစ်ခန့်ကပင် သင်တို့ပြုခဲ့သည်သာမက၊ သိတတ်ခြင်းဖြင့်စတင်ပြုခဲ့သည့်အရာကို ဆက်လုပ်ခြင်းသည် အလွန်ကောင်းလှပါသည်။
၁၁ – ထို့ကြောင့် ယခုတွင် ထိုအရာကိုဆက်လုပ်ကြပါ၊ လိုချင်ဆန္ဒရှိမှုသည် အဆင့်သင့်ရှိနေသဖြင့် သင်တို့၌ရှိသောအရာနှင့်လက် တွေ့လုပ်ဆောင်ခြင်း ပေါ်ထွက်လာပါမည်။
၁၂ – အဘယ့်ကြောင့်ဆိုသော် လိုချင်သောစိတ်ရှိလျှင်၊ လူတဦးထံတွင်ရှိသည့်အရာသည် လက်ခံဖွယ်ဖြစ်သည်၊ သူမရှိသောအရာ နှင့်ပြုစရာမလိုအပ်ပါ။
၁၃ – ငါဆိုလိုသည်မှာ အခြားသူတို့ သက်သာစေ၊ သင်တို့သာ ပင်ပန်းဝန်ထုတ်ကြီးစေဟု ပြောနေခြင်းမဟုတ်ပါ၊
၁၄ – သို့သော် ညီမျှစွာနှင့်ပြောခြင်းဖြစ်သည်၊ ယခုတွင် သင်တို့၏ အလျှံအပယ်ရှိခြင်းသည်၊ သူတို့လိုအပ်နေချိန်တွင် ပံ့ပိုးနိုင်ဖို့ဖြစ် လာသည်၊ ထို့အတူ သူတို့၏အလျှံအပယ်ဖြစ်ခြင်းသည်လည်း သင်တို့လိုအပ်သည့်အခါ ပံ့ပိုးနိုင်ဖို့ ဖြစ်ကောင်းဖြစ်လာပါမည်၊ ထိုသို့ ဖြင့် ညီမျှနေပါသည်။
၁၅ – များများစုသိမ်းသူထံတွင် များများမကျန်ပါ၊ အနည်းငယ်သာ စုသိမ်းသူလည်း လိုအပ်ချက်မရှိပါဟု ရေးထားသကဲ့သို့ဖြစ်ပါ သည်။
၁၆ – သို့သော် ထိုသို့သော တူညီသည့် စိတ်အားထက်သန်စွာဂရုစိုက်မှုကို သင်တို့အတွက် တိုက်တပ်စ်၏နှလုံးသားတွင် ထားပေး သူ ဘုရားသခင်ကို ကျေးဇူးတင်ရပါသည်။
၁၇ – အဘယ့်ကြောင့်ဆိုသော် သူသည် တကယ်ပင် တိုက်တွန်းခြင်းကို လက်ခံရပါသည်၊ သို့သော် ထို့ထက်ပင်သိတတ်လျှက်၊ မိမိ အလိုဆန္ဒအတိုင်း သင်တို့ထံ သူထွက်သွားပါသည်။

၁၈ – သူနှင့်အတူ ဝေံဂေလိတရားဟောခြင်း၌ အသင်းတော်များအကြား ချီးမွမ်းခံရသောညီအကိုတဦးကို ငါတို့အတူလွှတ်လိုက်ကြပါသည်၊

၁၉ – ထို့ထက်ပင်မကပါ၊ သူ့ကို ဤကျေးဇူးပြုခြင်းရည်ရွယ်ချက်အတွက် ငါတို့နှင့်အတူ ခရီးသွားလာရန် အသင်းတော်များကလည်း ရွေးချယ်ကြပါသည်၊ ထိုသို့ဖြင့် ငါတို့သည် ထိုသခင်၏ဘုန်းကျက်သရေအတွက် လုပ်ကျွေးကူညီခြင်းကို ပြုကြပါသည်၊ သင်တို့၏ အဆင်သင့်ရှိသောစိတ်သဘောထားကိုလည်း ကြေညာကြပါသည်၊

၂၀ – မည်သူကမှ ငါတို့အားဖြင့်လုပ်ကျွေးပြုစုသည့် ဤအလှူအပယ်ရှိခြင်းကို အပြစ်မတင်နိုင်ခြင်းငှာ ငါတို့ ရှောင်ရှားကြပါသည်၊

၂၁ – ရိုးသားဖြောင့်မတ်သောအရာများကိုသာ ဘုရားရှေ့တွင်သာမက လူအများရှေ့တွင်လည်း ပြုလုပ်ကြပါသည်။

၂၂ – သူတို့နှင့်အတူ ငါတို့ညီကို စေလွှတ်ပါသည်၊ ထိုသူသည် အကြိမ်မြောက်များစွာ ဖွဲ့လုံ့လဝီရိယရှိသူဟု သက်သေရပြီးသူဖြစ်သည်၊ သို့သော် ယခုတွင် သင်တို့အပေါ် ငါထားသည့် ကြီးလှသောယုံကြည်စိတ်ချခြင်းအတွက် သူသည် ပို၍သောလုံ့လဝီရိယကိုပြုပါသည်။

၂၃ – တိုက်တပ်စ်သည် မည်သို့သောသူဖြစ်သည်ကို မေးမြန်းသူရှိလျှင်၊ သူသည် ငါတို့၏လုပ်ကိုင်ဖက်ဖြစ်သည်၊ သင်တို့နှင့်ပတ်သက်၍ အတူတကွအကူအညီပေးသူဖြစ်သည်၊ (သို့) အခြားသောညီအကိုတို့အကြောင်းကို မေးမြန်းသူရှိလျှင်၊ သူတို့သည် အသင်းတော်များ၏တမန်များဖြစ်ကြသည်၊ ခရစ်တော်၏ဘုန်းကျက်သရေလည်းဖြစ်ကြပါသည်။

၂၄ – ထို့ကြောင့် သင်တို့ မိမိကိုယ်ကို သူတို့ထံ ပြသကြပါ၊ အသင်းတော်များသို့ ပြသကြပါ၊ သင်တို့၏ချစ်ခြင်းကို သက်သေပြကြပါ၊ သင်တို့နှင့်ပတ်သက်၍ ငါတို့၏ကြွားဝါခြင်းကို သက်သေပြကြပါ။

======================================

ဆုတောင်းခြင်း

သခင်ဘုရား၏နေ့ (၄၈)

၁၂၃။ ဒုတိယအသနားခံတော်းရှောက်ခြင်းကားအဘယ်နည်း?

***“နိုင်ငံတော်တည်ထောင်ပါစေသော”*** ဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့ကို ကိုယ်တော်၏နှုတ်ကပတ်တော်နှင့်ဝိညာဉ်တော်ဖြင့် အုပ်စိုးတော်မူပါ၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်အား ပို၍ပို၍နာခံပါမည်။ ကိုယ်တော်၏အသင်းတော်ကို စောင့်ရှောက်လျှက် တိုးပွားစေတော်မူပါ။ ကိုယ်တော့်ကိုဆန့်ကျင်ဖက်ပြုလျှက် မိမိတို့ဘာသာချီးမြှောက်ကြသည့် နတ်ဆိုး၏အလုပ်များနှင့် အားလုံးသောရက်စက်ကြမ်းကြုတ်မှုများကို ဖျက်ဆီးတော်မူပါ။ ထို့အတူ ကိုယ်တော်၏သန့်ရှင်းသောနှုတ်ကပတ်တော်ကို ဆန့်ကျင်ရန် တီထွင်ဖန်တီးကြသည့် အကြံအစည်အားလုံးကို လည်း ဖျက်ဆီးတော်မူပါ။ အထက်ပါတို့ကို ကိုယ်တော်၏နိုင်ငံတော် ပြည့်စုံစွာတည်ထောင်လျှက် ကိုယ်တော်သည် အလုံးစုံတို့၏အလုံးစုံ ဖြစ်လာချိန်ထိတိုင်အောင် ပြုတော်မူပါ။

(မဿဲ ၆း၁၀၊ ဆာလံ ၁၁၉း၅၊ ၅၁း၁၈၊ ၁ယော ၃း၈၊ ရော ၁၆း၂၀၊ ဗျာ ၂၂း၁၇၊၂၀၊ ၁ကော ၁၅း၁၅၊၂၈)

××××××××××××××××××××××××××××××××

ပညတ်တော်ဆယ်ပါး (ဂျိန်းဘုရင်မူ)

(၁) သင်၌ ငါ့ရှေ့တွင် အခြားသောဘုရားများ မရှိရ။

(၂) သင်သည် မိမိအတွက် မည်သည့်ထွင်းထုသောရုပ်တုကိုမျှ မလုပ်ရ (သို့) ကောင်းကင်ပေါ်တွင်ရှိသောအရာ၊ (သို့) မြေကြီးပေါ်၌ရှိသောအရာ၊ (သို့) မြေကြီးအောက် ရေထဲ၌ရှိသောအရာတစုံတခုနှင့် တူသောအရာကို မလုပ်ရ၊ ထိုအရာတို့ရှေ့၌ သင် မိမိကိုယ်ကို ဦးမညွှတ်ရ၊ သူတို့အမှုကို မထမ်းဆောင်ရ၊ အဘယ့်ကြောင့်ဆိုသော် သင်၏သခင် ငါ ဘုရားသခင်သည် အလွန်စိတ်အားထက်သန်သောဘုရားဖြစ်သည်၊ ငါကိုမုန်းသောသူတို့၏ မျိုးနွယ်ဆက် သုံးဆက်၊ လေးဆက်တိုင်အောင် ဖခင်တို့၏အပြစ်များကို သားသမီးတို့ပေါ်သို့ ရောက်စေသူဖြစ်သည်။ ထို့အပြင် ငါကိုချစ်သောသူ၊ ငါ့ပညတ်တို့အား စောင့်ထိန်းသူတို့၏မျိုးနွယ်ဆက် ထောင်ပေါင်းများစွာထိအောင် ဂရုဏာကို ပြသူဖြစ်သည်။

(၃) သင်သည် သင်၏သခင်ဘုရားသခင်၏အမည်ကို အချည်းနှီးမဲ့ အသုံးမပြုရ၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် သူ၏နာမည်အား အချည်းနှီးမဲ့အသုံးပြုသူကို အပြစ်မဲ့သူဟု ထင်မည်မဟုတ်။

(၄) အနားယူရာနေ့ကို သတိရပါ၊ ၎င်းကို သန့်ရှင်းစွာ စောင့်ရှောက်ပါ။ သင် ခြောက်ရက်လုံး ရှုန်းကန်လှုပ်ရှားပါ၊ သင်၏အလုပ်အားလုံးကို လုပ်ပါ။ သို့သော် ခုနှစ်ရက်နေ့သည် သင်၏သခင် ဘုရားသခင်၏ အနားယူရာနေ့ဖြစ်သည်၊ ထိုနေ့တွင် သင် ဘာအလုပ်မှမလုပ်ရ၊ သင်၏သား၊ သင်၏သမီး၊ သင်၏ကျွန်ယောကျာ်း၊ သင်၏ကျွန်မ၊ သင်၏တိရိစ္ဆာန်များ၊ သင့် အိမ်ဝင်းထဲ၌ရှိနေသောဧည့်သည် မည်သူမျှ အလုပ်မလုပ်ရ၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ခြောက်ရက်အတွင်း ကောင်းကင်နှင့်မြေကြီး၊ ပင်လယ်နှင့် ပင်လယ်ထဲရှိသမျှတို့ကို ပြုလုပ်တော်မူသည်၊ ထို့နောက် ခုနှစ်ရက်နေ့တွင် နားတော်မူသည်၊ ထို့ကြောင့် ဘုရားသခင်သည် အနားယူရာနေ့ကို ကောင်းချီးပေးသည်၊ မြင့်မြတ်စေပါသည်။

(၅) သင်၏ဖခင်နှင့် သင်၏မိခင်ကို ရိုသေလေးစားပါ၊ ထိုသို့ဖြင့် သင်၏နေ့ရက်တို့သည် သင်၏သခင် ဘုရားသခင်က ပေးသော မြေတွင် ရှည်လျားမည်ဖြစ်သည်၊
(၆) သင်သည် သူများကို မသတ်ရ။
(၇) သင်သည် ကာမပိုင်ရှိသူနှင့် မဖေါက်ပြန်ရ။
(၈) သင်သည် မခိုးရ၊
(၉) သင်သည် သင်၏အိမ်နီးချင်းကို ဆန့်ကျင်လျှက် မှားသောသက်သေမခံရ။
(၁၀) သင်သည် သင့်အိမ်နီးချင်း၏အိမ်ကို မတပ်မက်ရ၊ သင်သည် သင့်အိမ်နီးချင်း၏ဇနီးကို မတပ်မက်ရ၊ ထို့အပြင် သူ၏ ကျွန်ယောကျာ်း၊ ကျွန်မိန်းမ၊ သူ၏နွား၊ သူ၏မြည်း၊ သင့်အိမ်နီးချင်းပိုင်သောအရာတခုကိုမျှ မတပ်မက်ရ။

++++++++++++++++++++++++++++++++++++++